# When will 2008 constitution be changed?
# ဖွဲ့စည်းပုံပြင်ဆင်ရေး မဖြစ်နိုင်တော့ဘူးလား?

SEG I

"ဖွဲ့စည်းပုံပြင်ဆင်ရေးဟာ လောလောဆယ်မှာထိတွေ့လို့မရသေးပေမယ့် ကာလတစ်ခုမှာတော့ ထိတွေ့ပြင်ဆင်ရမှာပါ"

**ဦးအောင်သိန်း၊ ဥပဒေကြမ်းကော်မတီဝင်။ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် ၁၂)**

---

"ဖွဲ့စည်းပုံကြီးကိုပဲ စဉ်းစားနေရင် လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်လို့ရတော့မှာမဟုတ်ပါဘူး။ အရေးကြီးတာကို အရင်လုပ်ရမယ်။"

**ဦးအောင်သိန်း၊ ဥပဒေကြမ်းကော်မတီဝင်။ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် ၁၂)**

---

"၂၀၀၈ ဖွဲ့စည်းပုံပေါ်ပေါက်လာတာကို ကြည့်ရင် ၁၂ နှစ်လောက် အမျိုးသားညီလာခံကနေ တည်ဆောက်လာခဲ့တာ။ ရှင်းရှင်းပြောရင် အာဏာရှင်စနစ်က လုပ်ထားတဲ့ဖွဲ့စည်းပုံလို့ပြောရင်လည်း မမှားပါဘူး။ "

**ဦးအောင်သိန်း၊ ဥပဒေကြမ်းကော်မတီဝင်။ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် ၁၂)**

---

"ကမ္ဘာပေါ်မှာ ပြင်လို ့မရတဲ့ဖွဲ ့စည်းပုံအခြေခံဥပဒေဆိုတာမရှိဘူး။ လူတွေကရေးဆွဲထားတဲ့ဥပဒေဆိုတော့ ပြင်လို့ရတယ်။"

**ဒေါက်တာ နိုင်ဆွေဦး ၊ အမှုဆောင်ဒါရိုက်တာ ( သနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့ )**

---

"လက်ရှိအချိန်က ဖွဲ ့စည်းပုံအခြေခံဥပဒေကို အသင့်တော်ဆုံးအချိန် အကောင်းဆုံးအချိန်လို ့မြင်ပါတယ်။ အလုပ်သင့်ဆုံးအချိန်ပါ။"

**ဒေါ်ဒွဲဘူ ၊ ကိုယ်စားလှယ် (ကချင်နိုင်ငံရေးပါတီများပူးပေါင်းရေးကော်မတီ )**

---

"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် အရေးကြီးတဲ့အချက်နှစ်ချက်ရှိတယ်လို့မြင်တယ်။ တစ်ချက်ကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်သမတ္တက ဩဇာညောင်းတဲ့သူ၊ ခန့်ထားနိုင် ရေးပဲဖြစ်တယ်။ ဒါက စည်းရုံးရေးဆန်သွားတယ်။ "

**ဦးရဲထွန်း ။(သီပေါ ) (နိုင်ငံရေးလေ့လာသူ )**

---

**SEG II**

"NLD အစိုးရသက်တမ်းမှာ ဖွဲ့စည်းပုံပြင်ဆင်ရေး မစနိုင်သေးရင် နောင်ရွေးကောက်ပွဲမှာတော့ အလုမ်းဂေးဦးမှာဖြစ်ပါတယ်။"

နော်အုံးလှ (ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ )

---

"ပုဒ်မ ၃၄၃( ခ)မှာ တပ်မတော်နဲ့ ပက်သက်တဲ့တရားစီရင်ရေးတွင် ကာကွယ်ရေးဦးစီးချုပ်ရဲ့ အဆုံးအဖြတ်သည် အတည်ဖြစ်သည်လို ့ဆိုထားတယ်။ ကာကွယ်ရေးဦးစီးချုပ်သည် လူသားတစ်ယောက်ဖြစ်တဲ့အတွက် လူသားတစ်ယောက်မှားလေ့မှားထရှိတဲ့အမှားကို သူကမှားမိရင် သူ ့ကို ဘယ်သူက အဆုံးဖြတ်ပေးမှာလဲ။ နိုင်ငံတော်ရဲ့ တရားစီရင်ရေး အမြင့်ဆုံးအာဏာဟာ တရားလွှတ်တော်ချုပ်မှာရှိရဲ့ လား မေးချင်ပါတယ်။ "

ပရိသတ်၊ အေးသီတာလင်း (Women Initiated Platform)

---

"တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိသည်လို့ဆိုထားတယ်။ တကယ်လို့ လူထုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်ဆန့်ကျင်လာရင် တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေယှဉ်လာရင် ဘယ်သူ့ကို ဦးစားပေးမလဲ သိချင်တယ်။"

နန်းမိုခမ်း (ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ )

---

**SEG III**

" NLD က ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုပြီးဆောင်ပုဒ်နဲ့ရွေးကောက်ပွဲဝင်ခဲ့တယ်။ တက်လာတဲ့အခါကျတော့ ပထမဦးစားပေးလုပ်ငန်း၊ ဒုတိယဦးစားပေးလုပ်ငန် စသဖြင့် ဦးစားပေးလုပ်ငန်းတွေအရမ်းများလာတယ်။ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကို နောက်မှပဲပြင်မယ်ဆိုပြီး လုပ်ထားတယ်လို့ မြင်မိတယ်"

ပရိသတ်၊ ဆုမွန်အောင် ( ကျောင်းသား၊ လူငယ် ကွန်ယက် SYCB)

---